
ဘာသာပြန် စာရေးဆရာ – ဟာရီကိန်း
ပြိုင်ဘက်ကင်း ဆရာကြီး
(ဆွန်းမို)
စာစဉ် – ၉

အခန်း (၁၂၁)

- တိုက်ပွဲခန်းမ၏ အဆင့် ၁၀။

ချိုင်တန် ။ အသက် ၁၅ နှစ်။

ဝိညာဉ်ပြုပြင်ခြင်း အဆင့် ။

သွေးကြော စုံမှတ် ၃၂ခုကို ဖွင့်ပြီး။

ကြံခိုင်မှု - ခွန်အားနှင့် ခန္ဓာကိုယ် ကိုက်ညီမှု ရှိသည်။

အဆီအပိုအလိုမရှိ။ အခုတော့ လုံးဝပြီးပြည့်စုံသည့် ခန္ဓာကိုယ် ဖွဲ့စည်းပုံ ဖြစ်သည်။

ဉာဏ်ရည် ၁၅ ။ တိုက်ခိုက်ရေး ဉာဏ်ရည် မြင့်သည်။

သွက်လက်မှု ၁၈ ။ လှိုင်းလုံးများလို ဆက်တိုက် တိုက်ခိုက်နိုင်သည်။ ထာဝရ တိုက်ခိုက်နေတယ်လို့တောင် ထင်ရနိုင်သည်။

ခံနိုင်ရည် ၁၂။ အားနည်းချက် နည်းနည်း ဖြစ်နေသည်။ ဒါပေမယ့် ကုသရင် ပြန်ကောင်းနိုင်သည်။

ဆန္ဒ ၀ ။ လုံးဝကို နည်းနေပြီ။

မှတ်ချက်။ တစ်ကိုယ်လုံးတွင် အဆိပ်နှင့် ပြည့်နေပြီး လက်ရှိတွင် လုံးဝ ပြိုကျလုနီးပါး ဖြစ်နေသည်။ သေခြင်း၏ ချောက်ကမ်းပါးကို လက်တစ်ကမ်းသာ လိုသည်။

မှတ်ချက်။ တအားကို ချစ်တတ်သူ။ လူသာ သေသွားမယ်။ အချစ်ကတော့ မသေသွားနိုင်ပါ။

.......

အချက်အလက်တွေကို ကြည့်ရင်း ဆွန်းမို မျက်မှောင် ကြုတ်လိုက်မိသည်။ မျက်ခုံးနှစ်ခုကြား တင်းကျပ်လွန်းသောကြောင့် ဂဏန်းတစ်ကောင် ရှိနေရင်တောင် ကြေညုပ်ပြီး သေသွားနိုင်သည်။

အဆိပ်လား။ ချိုင်တန် ဘယ်လို အဆိပ်မိသွားတာလဲ။ ဘာအဆိပ်သင့်နေတာလဲ။ သူ့ကိုယ်သူ မတော်တဆများ သောက်လိုက်မိတာလား။ ဒါမှမဟုတ် တစ်ယောက်ယောက် က သူ့ကို အဆိပ်ခတ်လိုက်တာလား။

ဆွန်းမို၏ စိတ်ထဲတွင် ရုတ်တရုတ် မေးခွန်းပေါင်းများစွာ ပေါ်လာသည်။ ဒါတွေကိုသာ သတိမထားမိပါက နောင်ကျရင် ဒုက္ခ ရောက်လာနိုင်သည်။

ချိုင်တန်ကတော့ ရေကန်ဘက်ကို မျက်နှာမူထားသည်။ သူ့ခန္ဓာကိုယ်က နောက်တစ်ကြိမ် တိုးသွားပြန်သည်။ ခြေထောက် နည်းနည်းလေးသာ ထပ်ရွှေ့လိုက်ပါက ရေထဲကို ကျသွားတော့မည်။

ဆွန်းမိုလည်း ဆက်ပြီး စောင့်ကြည့် မနေနိုင်တော့ပဲ။

" မင်း သတ်သေချင်ရင်လည်း တခြားနေရာမှာ လုပ်လို့ မရဘူးလား။ မင်းရဲ့ ခန္ဓာကိုယ်ကြောင့် ရေကန် ညစ်ပတ်သွားလိမ့်မယ်"

ဆွန်းမို အသံက ည လေကို ဖြတ်ပြီး ချိုင်တန် ဆီကို ရောက်သွားသည်။

ချိုင်တန်၏ အမူအရာလည်း ပြောင်းသွားသည်။ ဟန်ချက်ကို ထိန်းလိုက်ပြီး ဘယ်ဘက်ကို လှည့်ကြည့်လိုက်သည်။

မိုးပြာရောင် ဆရာဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်က မိတာ ၃၀ အကွာအဝေးကနေ လျှောက်လာနေသည်။ သူက ရေကန်ကို တစ်ချက်လှမ်းကြည့်ရင်း ဆက်လာနေသည်။

" တစ်ရက်လောက်နေရင် မင်းအလောင်းက ပုတ်ပွလာမယ်။ ပြီးတော့ အဝတ်အစားလည်း မရှိတော့ဘဲ ဖင်လည်း ပြောင်နေမယ်။ မင်းအလောင်းကိုတွေ့ဖို့တော့ နှစ်ရက်လောက် ကြာမှာပေါ့ကွာ။ မင်းအလောင်းက ပိုပြီးတော့တောင် ပုတ်ပွ လာအုံးမယ်။ အဲ့ချိန်ဆိုရင်တော့ မင်းမိဘတွေတောင် မင်း ကို မမှတ်မိနိုင်တော့ဘူး"

ဆွန်းမိုက လှောင်ပြီး ပြောလိုက်သည်။

ဒီလိုအချိန်မှာ တစ်ဖက်သားကို စကားအကောင်းတွေ သွားပြောနေလို့ အသုံးမဝင်ပါဘူး။ တစ်ဖက်သားကို လှောင်ပြောင်ပြီး စိတ်ပျက်အောင်ပြောမှသာ သူ့ကိုယ်သူ သတ်သေချင်နေသည့် စိတ်ကပျောက်သွားနိုင်သည်။ ချိုင်တန်လည်း မျက်ခုံး ပင့်လိုက်မိသည်။ ဆွန်းမို စကားများက တကယ်ဖြစ်လာနိုင်မှန်း သူသိသည်။ တကယ်လို့ သူသာ ပုတ်ပွပြီး ဖင်ကြီးပြောင်နေပါက တော်တော်ကို ကြည့်ရဆိုးနေမည်။

ဆွန်းမိုလည်း ကျောင်းသားကို တစ်ချက်ကြည့်လိုက်သည်။ တောက် တကယ်ချောတဲ့ ကောင်ပဲ။ မဟုတ်ဘူး။....စာသင်သား တစ်ယောက်နှင့်တောင် ပိုတူ နေသေးတယ်။

ကျောင်းသားသည် ပိန်ပိန်ပါးပါး ခန္ဓာကိုယ်ကို ဝတ်ရုံရှည် ပတ်ထားသည်။ သူ၏အနက်ရောင် ဆံပင်ရှည်များကို ချည်နှောင်ထားပြီး လက်ထဲတွင် စာလိပ် တစ်လိပ်ကို ကိုင်ထားသည်။ သူရဲ့ပုံစံက နူးညံ့ပြီး ကြော့ရှင်းနေသည်။

" ကို့ကိုယ်ကို သတ်မသေပါဘူး ဗျာ"

ချိုင်တန်က ဖုံးကွယ်ဖို့ ကြိုးစားလိုက်သည်။ သူ့အရှေ့က လူသည် ဆရာတစ်ယောက်ဖြစ်ပြီး တကယ်လို့ သူသတ်သေတယ်ဆိုတာကိုသာ သိသွားရင် ပေါက်ကွဲသွားလိမ့်မည်။

" မင်းက သေဖို့တော့ သတ္တိရှိပေမယ့် ဝန်ခံဖို့တော့ သတ္တိမရှိဘူးလား"

ဆွန်းမိုက အပြစ်တင်လိုက်သည်။

ချိုင်တန်သည် ပိုပြီးတော့တောင် မျက်မှောင် ကြုတ်သွားသည်။ စိတ်ထဲကတော့ အဆင်မပြေပေမယ့် ဘယ်လို ပြန်ပြောရမလဲ မသိဘူး ဖြစ်နေသည်။ တစ်ဖက်လူနှင့် စကားပြော ငြင်းခုံရမှာကို အမုန်းဆုံးဖြစ်သည်။ ဒါကြောင့် လှည့်ပြီး ကျောက်တုံးခင်းထားသည့် လမ်းကနေ ထွက်သွားဖို့သာ ရွေးချယ်လိုက်သည်။

" အင်း။ မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ပြဿနာ တစ်ခုခု ရှိနေတယ်ဆိုရင်လည်း ဆရာဝန်သွား ရှာပါလား။ ဘာလို့ သတ်သေချင်နေရတာလဲ"

ဆွန်းမိုက အော်ပြောလိုက်သည်။

ချိုင်တန် တုန်လှုပ်သွားပြီး ခြေလှမ်းတွေတောင် ရပ်သွားသည်။ ပြီးတော့ ဆွန်းမိုကို လှည့် ကြည့်လိုက်မိသည်။

"မင်း ခန္ဓာကိုယ်ထဲမှာ ပြဿနာ ရှိနေတာကို မသိဘူးလို့ လာမပြောနဲ့နော်’

ဆွန်းမိုက တစ်ခါတည်းပြောလိုက်သည်။

ချိုင်တန်လည်း တိတ်ဆိတ်သွားသည်။ ပြီးခဲ့သည့် နှစ်ဝက်လောက်ကစပြီး ကျင့်ကြံခြင်းသည် တိုးတက်လာခြင်း မရှိတော့ပဲ ခန္ဓာကိုယ်မှာလည်း အားမရှိသလို ခံစားနေရသည်။ အစတုန်းကတော့ သူလည်း ဒါကို သတိမထား မိခဲ့ပါဘူး။ အလွန်အကျွံ ကျင့်ကြံလိုက်မိလို့ ဖြစ်နေတယ် ထင်နေခဲ့မိသည်။ ဒါကြောင့် ကျင့်ကြံချိန်တွေကို လျှော့ချလိုက်ပြီး အစားအသောက်နှင့် အိပ်ချိန်တွေကို အာရုံစိုက် လာခဲ့သည်။

စိတ်ပျက်စရာ အကောင်းဆုံးကတော့ ဆရာဝန်တွေနှင့် တိုင်ပင်ခဲ့ပေမယ့် တစ်ယောက်ပြီး တစ်ယောက်သာ ဖြစ်သွားသည်။ ဆရာဝန်တွေ အားလုံးက ပင်ပန်းနွယ်နယ်မှုကြောင့်သာ ဖြစ်တာလို့ ပြောဆိုခဲ့ကြပြီး အနားယူဖို့သာ အကြံပေးခဲ့ကြသည်။

ဆရာဝန်တိုင်းဆီက တူညီနေသည့် အဖြေကို ရခဲ့ပြီးနောက် ချိုင်တန်လည်း လက်ခံလိုက်မိသည်။ ဒါကြောင့်လည်း ပိုအိပ်ပြီး ကျင့်ကြံချိန်ကိုလည်း တဝက်လောက် လျှော့ချလိုက်သည်။ ဒါပေမယ့်လည်း အခြေအနေတွေက တိုးတက်လာခြင်း မရှိပါဘူး။

သူနှင့် ဖန်ရန်တို့အကြား ပိုမိုကွာဟ လာတာကို ကြည့်ရင်းကြည့်ရင်းနဲ့ စိုးရိမ်စိတ်တွေသာ တိုးလာခဲ့သည်။ စိုးရိမ်စိတ်ကြောင့် အရင်က ကျင့်ကြံချိန်အတိုင်း ပြန်ပြီး ကျင့်ကြံခဲ့သော်လည်း စွမ်းအားနည်းပါးမှုကြောင့် ကျင့်ကြံခြင်း အခြေခံက ရပ်တန့်နေခဲ့သည်။

လွန်ခဲ့သည့် လဝက်က တိုက်ပွဲခန်းမစစ်ဆေးမှုတွင် ကျန်ရန်ဇောင် လို့ခေါ်သည့် ကျောင်းသားတစ်ယောက်ကို ရှုံးနိမ့်ခဲ့ရသည်။

အရင်တုန်းကတော့ လူတွေက သူ၏ ကျော်ကြားမှုနှင့် ဂုဏ်သတင်းကို ချီးမြှောက်နေခဲ့ကြပြီး ကျန်ရန်ဇောင်ထက် သာလွန်နေခဲ့သည်။ ထိုတိုက်ပွဲပြီးသည့်နောက်မှာတော့ ကောလဟလတွေ ထွက်လာပြီး လူတိုင်းက အထင်သေးနေခဲ့ကြသည်။

ဒါကလည်း အမှန်ပါပဲ။ ချိုင်တန်သာ တကယ်စွမ်းအားကြီးပါက ဘာလို့ ကျန်ရန်ဇောင်ကို ရှုံးမှာလဲ။ ချိုင်တန်သည် ကျောင်းကို စရောက်ကတည်းက တိုက်ပွဲခန်းမ စစ်ဆေးမှုတွင် ပြိုင်ဘက်ကို နိုင်ပြီး တိုက်ပွဲခန်းမ၏ အဖွဲ့ဝင်တစ်ယောက် ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် တိုက်ပွဲတိုင်းကို အနိုင်ယူကာ အဆင့် ၁၀ အထိ ရှုံးပွဲမရှိဘဲ တိုးတက်လာခဲ့သည်။

ချိုင်တန်ကသာ တခြားသူများကို အထင်သေးခဲ့ဖူးသည်။ သူ၏ တစ်ခုတည်းသော ပစ်မှတ်က တိုက်ပွဲခန်းရဲ့ နံပါတ် တစ်ဖြစ်သည့် ဖန်ရန်သာဖြစ်သည်။ ဒါပေမယ့်လည်း လွန်ခဲ့သည့် နှစ်ဝက်ကစပြီး တိုးတက်မှုအရှိန်အဟုန်က ရပ်တန့်သွားခဲ့သည်။ အဲဒီနောက်မှာတော့ ချိုင်တန်သည် တိုက်ပွဲခန်းမတွင် ရှုံးနိမ့်ခဲ့ပြီး သူ့သိက္ခာက အောက်ဆုံး အထိ ထိုးကျသွားခဲ့သည်။

ချိုင်တန်က ကျန်ရန်ဇောင်၏ အနင်းခံ ကျောက်တုံး တစ်တုံး ဖြစ်ခဲ့ရသည်။

လူတိုင်းက ကျန်ရန်ဇောင်၏ အကြောင်းကိုသာ ဆွေးနွေးနေကြတော့သည်။ ကူရှုပ်ရှင်း၏ လမ်းညွှန်မှုဖြင့် ကျန်ရန်ဇောင်သည် တစ်နှစ်အတွင်း တိုက်ပွဲခန်းမ၏ ထိပ်ဆုံး သုံးယောက် ဖြစ်လာနိုင်တယ်လို့ ထင်ကြေးပေးနေကြသည်။

ချိုင်တန်ကိုတော့ မျက်နှာခြင်းဆိုင်ပြီး မပြောကြပေမယ့် နောက်ကွယ်တွင် လှောင်ပြောင်နေကြသည်။ ဒီကာလအတွင်းမှာ စောကားခံရသည့် စကားတွေကိုပဲ အကြိမ်ကြိမ် ကြားနေခဲ့ရသည်။

ဆရာတိုင်းက ချီးကျူးနေရသည့် ပါရမီရှင် တစ်ယောက်အဖြစ်မှ အရေးမပါတော့သည့် အမှိုက်တစ်ခု အဖြစ်သို့ ပြောင်းလဲသွားသည်။ ဒီနှစ်ဝက်အတွင်းမှာ ချိုင်တန်သည် ဝေဖန်မှုများစွာကိုလည်း ကြုံတွေ့ခဲ့ရသည်။

ဘယ်လိုပဲပြောပြော သူသည် ၁၅နှစ်သား ကလေး တစ်ယောက်သာ ဖြစ်သည်။ သိပ်လည်း မရင့်ကျက်သေးသလို စိတ်ခံယူချက်ကလည်း မခိုင်မာသေးပါ။ ဒီလို ပတ်ဝန်းကျင်၏ ဝေဖန်တိုက်ခိုက်မှုအောက်မှာ သူ့ကိုယ်သူ ပြန်တက်လာနိုင်မယ်လို့ ယုံကြည်ချက် မရှိတော့ပါ။

မနေ့ကလည်း သူ့ကောင်မလေးက သူ့ကိုအရမ်းနာကျင်စေသည့် စကား

ကို ပြောခဲ့သည်။

"ပါရမီရှင်တွေမှာ တောက်ပတဲ့ ကျက်သရေ ရှိသလို သာမန်သူတွေမှာ လည်း သာမန်လူတွေရဲ့ ဘဝ ရှိတယ်"

ချိုင်တန်ကို သူ့ကောင်မလေးက ကောင်းစေချင်သည့် ရည်ရွယ်ချက်နှင့် ပြောမှန်း ချိုင်တန် သိသည်။ ဒါပေမယ့် သူလက်မခံနိုင်ပါ။ သူ့ကို သာမန်လူ တစ်ယောက် လို့ ပြောလိုက်သလို ဖြစ်နေသည်။

ချိုင်တန်သည် ပညာရှိတစ်ယောက်၏ အငွေ့အသက်ထုတ်လွှင့်နေပြီး လောကီရေးရာနှင့် ဝေးကွာနေသည့် ပုံစံဖြစ်နေသည်။ စိတ်ထဲတွင် အရမ်း မာနကြီးနေသည်။ သူက အကောင်းဆုံးဖြစ်ဖို့ မွေးဖွားလာခြင်း ဖြစ်သည်။ ဒါပေမယ့် အခုတော့ သာမန်လူတစ်ယောက်တဲ့လား။ သူက အကောင်းဆုံး မဖြစ်နိုင်ဘူးလား။

ဒီနှစ်ဝက်အတွင်းတွင် ကောင်းကင်ကနေ ငရဲကို ပြုတ်ကျသွားသလို ဖြစ် နေသည်။ ချိုင်တန်က သူ့စိတ်ကိုသူ တင်းထား နိုင်ခဲ့သည်။ သူ့ ကောင်မလေးကလည်း အမြဲတန်း ယုံကြည်ပြီး အားပေးနေတာကြောင့် လည်း စိတ်ပိုင်ဆိုင်းရာ မပျက်စီးဘဲ အမြင့်ဆုံးကို ပြန်တက်ပြီး ဖန်ရန်ကို စိန်ခေါ်အုံးမည်။

ဒါပေမယ့် အခုတော့ သူမ စကားပြောင်းသွားသည်။ သူက ပါရမီရှင် မ ဖြစ်နိုင်တော့ဘူးတဲ့လား...............

အဲ့အချိန်တွင် ချိုင်တန်၏ ကမ္ဘာတစ်ခုလုံး ပြိုကျပြီး အလင်းရောင် များ ပျောက်သွားသည်။

သေခြင်းတရားကသာ ထွက်ပေါက် ဖြစ်လာခဲ့သည်။

" ငါ..ငါ့ခန္ဓာကိုယ်က ဘာဖြစ်လို့လဲ"

ချိုင်တန်က တည်ငြိမ်အေးစက်ပြီ အလေးမထားသလို မေးလိုက်သည်။ ဒါပေမယ့်လည်း စကား အသံကတော့ တုန်နေသည်။

" မင်း အဆိပ် မိနေပြီ"

ဆွန်းမို၏ စကားများက တိုရှင်းလိုရင်း ဖြစ်သည်။ ဒါပေမယ့် သူ့စကားတို တိုလေးက ကြောက်ဖို့ကောင်းလောက်အောင် အကျိုး သက်ရောက်သွားသည်။

ချိုင်တန် မျက်လုံး ပြူးသွားသည်။ ပြီးတော့ မျက်လုံး ကျဉ်းသွားပြီး မျက်ခုံး ပြင်းပြင်းထန်ထန် တွန့်သွားသည်။ 'မျက်မှောင်ကြုတ်တယ်' ဆိုတဲ့စကားက ဒါ့ကြောင့်ဖြစ်လာတာ ဖြစ်နိုင်သည်။ သူ အရမ်းလည်း စိတ်ပူနေသည်။

ဆွန်းမို အများကြီး ဆက်မပြောတော့ပါ။ ဒီအမှန်တရားကို ချိုင်တန် လက်ခံလာနိုင်အောင် စောင့်နေလိုက်သည်။

အချိန် တော်တော်ကြာပြီးနောက်။

ချိုင်တန်သည် နောက်ဆုံးတွင် စကားစပြောလာသည်။ ဒါပေမယ့် သူ့ အသံမှာ မယုံကြည်မှုများနှင့် ပြည့်နေသည်။ သူက ဆွန်းမိုကို ပြန်မေး လိုက်သည်။

" ငါက ဘယ်လို အဆိပ်မိသွားတာလဲ"

"ငါလည်း မသိဘူး"

ဆွန်းမို၏ နှုတ်ခမ်းများ တွန့်သွားသည်။ ကယောင်ကတမ်းနဲ့ ဘာတွေ လာမေးနေတာလဲ။ ငါက စုံထောက်ကွန်နန် မဟုတ်ဘူးလေ။ ဘယ်လိုသိမှာ လဲ။ မှားတယ်။ ငါသာ စုံထောက်ကွန်နန်ဆိုရင် ဒီကျောင်းသား သေနေတာ ကြာလှပြီ။ ( စုံထောက် ကွန်နန် ကာတွန်း ဇာတ်ကောင်)

ချိုင်တန်လည်း တိတ်ဆိတ်သွားသည်။ ဆွန်းမိုကို စိုက်ကြည့်ရင်း ချိုင်တန်၏ မျက်လုံးထဲတွင် သံသယနှင့် နာကျည်းချက်များ ပေါ်လာသည်။

"မင်းကို စစ်ဆေးဖို့ အရမ်းကျွမ်းကျင်တဲ့ ဆရာဝန်တစ်ယောက်လောက် ရှာသင့်တယ်။

ဆွန်းမိုက အကြံပေးလိုက်သည်။

"ငါ...."

ချိုင်တန်က ပြန်ပြောမလို့ လုပ်လိုက်သည့် အချိန်တွင် မိန်းကလေးတစ်ယောက်၏ အသံပေါ်လာပြီး သူတို့၏ စကားဝိုင်းလည်း ရပ်သွားသည်။

" နင်ဒီရောက်နေမယ်လို့ ငါထင်သားပဲ"

ဆံပင်ရှည်ရှည်နှင့် ကောင်မလေးတစ်ယောက်သည် ပြေးလာရင်း အော်ပြောလိုက်သည်။ ချိုင်တန်၏ ရင်ခွင်ထဲကို တစ်ခါတည်း ပြေးဝင်လာပြီး တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

"ဘာလုပ်ဖို့ စဉ်းစားနေတာလဲ"

ကောင်မလေးက အော်ပြောနေရင်း တစ်ကိုယ်လုံး တုန်နေသည်။ ချိုင်တန်က ကို့ကိုယ်ကို သတ်သေလိုက်မှာကို ကြောက်နေသည်။

ပုံမှန်ဆိုရင် နှစ်ယောက်အတူတူ ညစာစားပြီး စာကြည့်တိုက်ကိုသွားကာ စာပြန်နွေးကြသည်။ ဒါပေမယ့် ဒီနေ့တော့ ချိုင်တန်က နေမကောင်းလို့ အဆောင်ကို အရင်ပြန်ချင်တယ် ပြောသွားခဲ့သည်။

ရှမ်ယွင်လည်း ဒီနေ့ သူ့ရည်းစားက စိတ်ညစ်နေတာ သိသောကြောင့် ညစာစားပြီးတာနှင့် အဆောင်ကို ပြန်ခိုင်းလိုက်သည်။ ဒါပေမယ့်လည်း ချိုင်တန် ပြန်ရောက်မလာသေးကြောင်း ချိုင်တန်၏ အခန်းအဖော်က ပြောလာခဲ့သည်။

ရွှမ်ယွှင်လည်း စိတ်ပူလာပြီး ချိုင်တန်ကို အရူးတစ်ယောက်လို လိုက်ရှာနေခဲ့သည်။ ချိုင်တန်အတွက် ခက်ခဲလွန်းပြီး ပေါက်ကရအတွေးများ ဝင်လာမှာကို သူမ ကြောက်နေခဲ့သည်။

"ငါက လေကောင်းလေသန့်ရှူဖို့ ဒီကိုလာခဲ့တာ"

ချိုင်တန်က ရွှမ်ယွှင်ကို ဖက်ရင်း ပြောလိုက်သည်။ သူ့ကြောင့် စိုးရိမ်ပြီး တစ်ကိုယ်လုံး ချွေးတွေ စိုရွှဲနေတာကိုလည်း မြင်လိုက်သည်။ နွေးထွေးသည့် ခံစားချက်က သူနှလုံးသားထဲကို စီးဝင်လာသည်။

"မင်းကို စိတ်ပူအောင် လုပ်မိလို့ တောင်းပန်ပါတယ်"

ချိုင်တန်က တောင်းပန်ရင်း ရွှမ်ယွှင်၏ နှုတ်ခမ်းလေးကို နမ်းလိုက်သည်။

ရွှမ်ယွှင်ကလည်း ခပ်ရဲရဲ ပြန်တုံ့ပြန်သည်။

"တောက် ငါ...လို....."

ဆွန်းမိုလည်း ကြောင်အ နေသည်။ (ဟယ်လို့။ ငါဆရာက ဒီမှာ ရှိနေတုန်းလေ။ မင်းတို့တွေပဲ စောက်ရမ်း RO နေကြ။ ငါက ဆရာ မဟုတ်ရင်တောင်FA ဆိုပြီး လာမစော်ကားနဲ့)

သို့သော်လည်း တန်နိုင်ငံ၏ ချင်လင် ဓလေ့သည် အရင်ကမ္ဘာနှင့် မတူပဲ ကျောင်းဝင်းအတွင်းတွင် အချစ်ရေး ကိစ္စများကို တားမြစ်ထားသည်။

"ဘာမှ ပေါက်ကရ မလုပ်နဲ့တော့။ ဟုတ်ပြီလား"

ရွှမ်ယွှင်သည် ချိုင်တန်ကို တင်းတင်းကျပ်ကျပ် ဖက်ထားပြီး သူမ မျက်နှာကို ချိုင်တန်၏ ရင်ဘက်တွင် မှီထားသည်။

"ဘာတွေပဲရှိရှိ ၊ ငါက မင်းအတွက် အမြဲတမ်း ရှိနေမယ်"

"အင်း"

ချိုင်တန်က သူ့ခေါင်းကို နမ်းလိုက်သည်။ ပြီးတော့ သူတို့နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ဖက်ထားပြီး ကြေကွဲခြင်းမရှိ ရေကန်နားက လမ်းကြားထဲကို လျှောက်သွားကြသည်။

ဆွန်းမိုကတော့ ကိုယ်ပျောက်လူသားလို ခံစားလိုက်ရသည်။

"ထင်ထားသလိုပဲ။ တော်တော်ချစ်တတ်တဲ့ ကောင်ပဲ"

စနစ်က ခံစားချက်ပေါင်းများစွာနှင့် သက်ပြင်းချရင်း ပြောလိုက်သည်။ ဒီဖက်ခေတ်မှာ လူကောင်းတစ်ယောက် ရှာတွေ့ဖို့ တော်တော် ခဲရင်းသွားပြီ။ ( စားပြီး နားမလည်ကောင်တွေပဲ များနေတယ်)

"ကောင်မလေးကလည်း တက်ကြွလွန်းပါတယ်ကွာ"

ဆွန်းမိုက ချိုင်တန်ကို သူ့မှာ ဘာကိစ္စပဲရှိရှိ သူ့ကောင်မလေးကတော့ မစွန့်ပစ်နိုင်ဘူးလို့ တွေးလိုက်မိသည်။

"ဘာလို့ သူ့ရောဂါကို မကူညီ လိုက်တာလဲ"

"ဘာ။ ငါက ဆရာဝန်မှ မဟုတ်တာ"

ဆွန်းမိုလည်း ခေါင်းကိုယမ်းရင် ခမ်းလှမ်းလှမ်းက စုံတွဲကို လှမ်းကြည့်လိုက်သည်။ " အခုသူက ငါ့နဲ့ စကားပြောချင်နေမယ်လို့ မင်းထင်လား"

"ဟင့်အင့်"

စနစ်က ပြန်ဖြေသည်။ ထက်မြတ်တဲ့ ဒီစုံတွဲကို သီးသန့် အချိန် ပေးလိုက်သည်။

" ငါပြန် အိပ်တော့မယ်"

ဆွန်းမို တကယ် ပင်ပန်းသလို ဖြစ်သွားသည်။ အနည်းဆုံးတော့ မနက်နိုးလာရင် ကြေကွဲခြင်းမရှိရေကန်မှာ အလောင်းတစ်လောင်း မြောနေမှာကို စိုးရိမ်စရာ မလိုတော့ဘူး။

"တာဝန် အသစ် ထုတ်ပြန်သည်။ မင်းရဲ့ ဝိညာဉ်တက်တူး အတန်းကို သုံးလအတွင်း တက်ရောက်သည့် ကျောင်းသားအရေအတွက် ၂၀၀ ဖြစ်အောင် လုပ်ပါ။

ဆုလာဒ်- အနက်ရောင် ရတနာ သေတ္တာ)

ဆွန်းမို စိတ်ဓါတ် ကျသွားသည်။ တကယ်လို့များ စနစ်တွင် ရုပ်ခန္ဓာရှိပါက ဆွဲထုတ်ပြီး ရေကန်ထဲတွင် ဖောင်းကားလာအောင် စိမ်ထားလိုက်ချင်သည်။

ညဘက်မှာတောင် တာဝန် အသစ် ထုတ်ပြန်ရလား။ ဒါဆို သူက ဘယ်လို ကောင်းကောင်း အနားယူမလဲ။ ယဉ်ကျေးမှုတောင် မရှိဘူး။

လရောင်သည် တောက်ပနေပြီး အေးမြသော လရောင်က စုံတွဲ အပေါ်ကို ဖြာကျနေသည်။

ချိုင်တန်နှင့် ရွှမ်ယွှင် တို့သည် အဆောင်ကို မပြန်ကြတော့ပါ။ တောအုပ်လေးထဲမှာ ထိုင်ပြီး တစ်ယောက်နှင့် တစ်ယောက် ချစ်ခြင်းမေတ္တာ အကြောင်း စာဖွဲ့နေကြသည်။ ( နောက် ပိုင်း ဆက်မပြန် ပေးတော့ဘူးနော်။ ချိဖတို့က မကြိုက်ဘူး မှတ်လား)

" ဆရာက အရမ်းငယ်တယ်နော်။ အရင်ကလည်း တစ်ခါမှ မတွေ့ဖူးဘူး။ သူက ဘယ်သူလဲ သိလား"

ချိုင်တန်က ဆွန်းမို စကားကို ပြန်သတိရသွားပြီး မနေနိုင်ဘဲ မေးလိုက်သည်။

"ငါလည်း မသိဘူး"

ရွှမ်ယွှင်က  ခေါင်းခါရင်း ပြန်ဖြေသည်။

"ဆရာ  အသစ်များလား"

ချိုင်တန်က မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။ သူ့အခြေအနေက မကောင်းသဖြင့် အပြင်ဘက်က ကိစ္စများနှင့်  ကောလဟလများကို ဂရုမစိုက်မိပါ။

"အင်း"

ချိုင်တန်ကို  အနိုင်ယူခဲ့သည့် ဆရာအသစ် ကူရှုပ်ရှင်း၏ တပြည့် ကျန်ရန်ဇောင် အကြောင်းကလွဲရင် ပြောစရာ မရှိသဖြင့် ဆက်မပြောတော့ပါ။

ဒီနာမည်ကို ပြောလိုက်ပါက ချိုင်တန် ပေါက်ကွဲသွားနိုင်သည်။

သူတို့နှစ်ယောက်လည်း  တိတ်ဆိတ်သွားကြသည်။  ခဏလောက်ကြာတော့ စိတ်ရှုပ်နေသေးသည့် ချိုင်တန်က  မနေနိုင်ဘဲ စကားတစ်ခု ထပြောလိုက်သည်။

"အဲဒီဆရာက  ငါ့မှာ  အဆိပ်မိနေတယ်လို့ ပြောတယ်"

***